# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ

# Myanmar Farmers’ Development Party

## ပါတီ၏အလံ



# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ

## Myanmar Farmers’ Development Party

### ပါတီ၏တံဆိပ်



# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ

# Myanmar Farmers’ Development Party



## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေ

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ
# (Myanmar Farmers' Development Party)
# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေ

## ✱ နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားအပေါင်းတို့သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းသာယာ ဝပြောရေးအား ကြိုးပမ်းဆောင်ရွက်ကြရန် ရည်မှန်းချက်များ ချမှတ်ထားပြီး ဖြစ်သည်နှင့်အညီ ကျေးလက်ဒေသတွင် နေထိုင်ကြသော မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှ ရှိကြသော တောင်သူလယ်သမားများ၏ ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအပေါ် ရည်မျှော်လျက် **"မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party)"**အား ထူထောင်လိုက်သည်။

## အခန်း (၁)

### ၁။ အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

ပါတီ၏ အမည်မှာ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဖြစ်သည်။ အင်္ဂလိပ်ဘာသာအားဖြင့် Myanmar Farmers' Development Party ဟု ခေါ်တွင်စေရမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ကျေးလက်ဒေသနေ တောင်သူလယ်သမားများ၏ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် လယ်ယာလုပ်သူ လယ်ယာမြေပိုင်ဆိုင်ခွင့် ရရှိစေရေးအပေါ် အခြေခံလျက် မြေခစား၊ မြေရှင်ကြီးစနစ်အား တိုက်ဖျက်ရန် ရည်သန်ပါသည်။

### ၂။ အလံနှင့်တံဆိပ်

အနီရောင်နောက်ခံ၏အလယ်တွင် နဂါးကို ခြေဖြင့်ကုတ်၍ သံလျက်ကိုင်ထားသော နန်းဝတ်နန်းစားဖြင့် ဂဠုန်မင်း၏ပုံကို အနက်ရောင်လိုင်းဖြင့် ဆွဲသားထားသည်။

အနီရောင်နောက်ခံသည် ရဲရင့်တက်ကြွသော ဒီမိုကရေစီအရေးစိတ်ဓာတ်ကို ရည်ညွှန်းသည်။ နဂါးကို ခြေဖြင့်ကုတ်၍ သံလျက်ကိုင်ထားသော ဂဠုန်မင်း၏ဟန်သည် မြန်မာ့အမျိုးသားရေးစိတ်ဓာတ်ဖြင့် မည်သည့်တိုင်းတစ်ပါးသြဇာလွှမ်းမိုးမှုကိုမဆို သုတ်သင်ရှင်းလင်းသွားမည့် ဇာတိမာန်ကို ရည်ညွှန်းသည်။

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက သုံးစွဲသည့် အလံနှင့် တံဆိပ်မှာ အတူတူပင်ဖြစ်သည်။

## အခန်း (၂)

**၃။ ပါတီ၏ ရည်ရွယ်ချက်**

(က) မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှရှိကြသော ကျေးလက်ဒေသနေ တောင်သူလယ်သမားများ၏ ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေး၊ ဒီမိုကရေစီအရေး၊ လွတ်လပ်ရေး၊ တန်းတူညီမျှရေး၊ လူ့အခွင့်အရေးတို့ အောင်မြင်တိုးတက်စေရန် ရည်မျှော်ပါသည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးဖြစ်သော လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များအား လည်းကောင်း၊ အဆိုပါ ဥပဒေနှစ်ရပ်တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းထားမှုများအနက်မှ တောင်သူ လယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုများအပေါ် ပြည့်စုံလုံလောက်မှုရှိနိုင်သည့် အချက်အလက်များအား ညွှန်ပြလျက် နောက်ဆက်တွဲဥပဒေ နည်းဥပဒေများ၊ ပြုပြင်ပြောင်းလဲမှုများအပေါ် ရပ်တည်အဆိုပြုခြင်းနှင့် တောင်သူလယ်သမားများ၏ လက်တွေ့ဘဝနှင့် ကိုက်ညီသည့် ဥပဒေပြဋ္ဌာန်းမှုများ ဖြစ်ပေါ်လာစေရေးတို့ကို အကောင်အထည်ဖော်အောင်မြင်နိုင်ရန် ရည်မှန်းပါသည်။

## အခန်း (၃)

**၄။ ပါတီ၏ ဌာနချုပ်တည်နေရာ**

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party) ၏ ဌာနချုပ်တည်နေရာသည် မြန်မာနိုင်ငံ၏ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ တည်ရှိသည်။

**၅။ ပါတီ၏ စည်းရုံးရေးနယ်နိမိတ်**

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party) ၏ စည်းရုံးရေးနယ်နိမိတ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်သည်။

## အခန်း (၄)

**၆။ ပါတီဝင်ခွင့်လျှောက်ထားခြင်း၊ ၎င်းလျှောက်ထားချက်ကို လက်ခံခြင်းနှင့် ပါတီ၏ သစ္စာအဓိဋ္ဌာန်**

**(က) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပါတီဝင်အဖြစ် လျှောက်ထားလိုသူသည် အောက်ဖော်ပြပါအချက်များနှင့်အတူ မိမိနေထိုင်ရာ**

**ဒေသမြို့နယ်တွင်းရှိ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သတ်မှတ်ထားသောတာဝန်ခံမှတစ်ဆင့် လျှောက်ထားရမည်။**

(ကး၁) မြန်မာနိုင်ငံတောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဖြည့်သွင်းရမည်။

(ကး၂) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ လက်ရှိပါတီဝင်တစ်ဦး၏ ထောက်ခံချက်ကို ရယူရမည်။

**(ခ) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီသို့ ပါတီဝင်အဖြစ်ဝင်ရောက်လိုသူများသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီလျှင် ပါတီဝင်အဖြစ် လက်ခံနိုင်သည်။**

(ခး၁) နိုင်ငံသားစိစစ်ရေးကတ်ပြား/ အမျိုးသားမှတ်ပုံတင်ကတ်ပြား/ ဧည့်နိုင်ငံသား လက်မှတ်/ နိုင်ငံသားပြုခွင့်လက်မှတ်(သို့မဟုတ်) ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတစ်ဦးဖြစ် ရမည်။

(ခး၂) အသက် (၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ခး၃) သာသနာ့ဝန်ထမ်းမဖြစ်စေရ။

(ခး၄) နိုင်ငံ့ဝန်ထမ်းမဖြစ်စေရ။

(ခး၅) ထောင်ဒဏ်ကျခံစေရသူမဖြစ်စေရ။

(ခး၆) နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် (သို့မဟုတ်) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ(သို့မဟုတ်) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရား အသင်းအဖြစ် ကြေငြာခြင်းခံရသော အဖွဲ့အစည်းဝင် (သို့မဟုတ်) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေငြာခြင်းခံရသော အဖွဲ့အစည်းဝင် (သို့မဟုတ်) ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆက်သွယ်ခြင်း(သို့မဟုတ်) အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်မဖြစ်စေရ။

(ခး၇) တည်ဆဲဥပဒေပါပြစ်မှု တစ်ရပ်ရပ်နှင့်ငြိစွန်းသူမဖြစ်စေရ။

(ခး၈) နိုင်ငံခြားသား(သို့မဟုတ်)နိုင်ငံခြားသားအဖြစ် ခံယူထားသူမဖြစ်စေရ။

## (ဂ) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဝင်များ၏ သစ္စာအဓိဋ္ဌာန်

(ဂး၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်သားပြည်သူများအပေါ် သစ္စာရှိပါမည်။

(ဂး၂) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီအပေါ် သစ္စာရှိပါမည်။

(ဂး၃) အမျိုးသားနိုင်ငံရေးအကျိုးစီးပွားကို အစဉ်အမြဲကာကွယ်စောင့်ရှောက်ပါမည်။

## အခန်း (၅)

## ၇။ ပါတီဝင်များလိုက်နာရမည့်စည်းကမ်းချက်များ

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ပါတီဝင်များအတွက် အောက်ပါစည်းကမ်းချက်များကို ပြဋ္ဌာန်းသည်။

(က) ပါတီဝင်များသည် ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေတွင် ဖော်ပြထားသည့်ရည်ရွယ်ချက်၊ မူဝါဒလမ်းစဉ်၊ ဆုံးဖြတ်ချက်နှင့်စည်းကမ်းများကို လိုက်နာရမည်။

(ခ) ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲကင်းရမည်။ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများကို အထူးရှောင်ကျဉ်ရမည်။

(ဂ) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သတ်မှတ်ပြဋ္ဌာန်းထားသည့် ပါတီဝင်ကြေးကို ပေးဆောင်ရမည်။

(ဃ) အကျင့်စာရိတ္တပျက်ပြားမှုများ၊ ကိုယ်ကျိုးရှာမှုများနှင့် တစ်ကိုယ်ကောင်းဆန်မှုများကို အထူး ရှောင်ကျဉ်ရမည်။

(င) ပါတီဝင်များလိုက်နာရမည့်အချက်များကို ပါတီညီလာခံနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့က လိုအပ်သလိုသတ်မှတ်မည်။

## အခန်း (၆)

## ၈။ ပါတီဖွဲ့စည်းပုံ

**(၈း၁)** မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers' Development Party) ကို အောက်ပါအတိုင်း အဆင့်ဆင့်သတ်မှတ်ပုံဖော်ဖွဲ့စည်းရမည်။

(က) ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်

(ခ )  မြို့နယ်အဆင့်

(ဂ )  တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်

(ဃ)  ပါတီဗဟိုဌာနချုပ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဆင့်

(င )  တစ်နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ

**(စ-၂) အလုပ်အမှုဆောင်အဖွဲ့များ**

ရပ်ကွက်/ကျေးရွာအုပ်စုပါတီအလုပ်အမှုဆောင်အဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းမည်။

၁။ ဥက္ကဋ္ဌ

၂။ ဒု-ဥက္ကဋ္ဌ

၃။ အတွင်းရေးမှူး

၄။ ဘဏ္ဍာရေးမှူး

၅။ အမှုဆောင်အဖွဲ့ဝင် (၅)ဦး

**(စ-၃) မြို့နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့များ**

မြို့နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းမည်။

၁။ ဥက္ကဋ္ဌ

၂။ ဒု-ဥက္ကဋ္ဌ

၃။ အတွင်းရေးမှူး

၄။ တွဲဘက်အတွင်းရေးမှူး

၅။ ဘဏ္ဍာရေးမှူး

၆။ အမှုဆောင်အဖွဲ့ဝင် (၅)ဦး

**(စ-၄) တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့များ**

တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ပါတီအလုပ်အမှုဆောင်အဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းမည်။

၁။ ဥက္ကဋ္ဌ (၁) ဦး

၂။ ဒု-ဥက္ကဋ္ဌ (၁) ဦး

၃။ အတွင်းရေးမှူး (၂) ဦး

၄။ တွဲဘက်အတွင်းရေးမှူး (၁) ဦး

၅။ ဘဏ္ဍာရေးမှူး (၁) ဦး

၆။ အမှုဆောင်အဖွဲ့ဝင် (၇) ဦး

**(ဈး၅) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ပါတီ ဥက္ကဋ္ဌတိုင်းသည် ပါတီဗဟိုကော်မတီ အဆင့်များ ဖြစ်သည်။**

**(ဈး၆) ပါတီဌာနချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ**

ပါတီဌာနချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းမည်။

၁။ ဥက္ကဋ္ဌ (၁) ဦး

၂။ ဒု-ဥက္ကဋ္ဌ (၂) ဦး

၃။ အထွေထွေအတွင်းရေးမှူး (၁) ဦး

၄။ တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဦး

၅။ ဘဏ္ဍာရေးမှူး (၁) ဦး

၆။ တိုင်းဒေသကြီး (သို့) ပြည်နယ်ဥက္ကဋ္ဌများ (၇) ဦး

၇။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၇) ဦး

**(ဈး၇) ပါတီညီလာခံကိုယ်စားလှယ်များ**

၁။ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများက ဒီမိုကရေစီနည်းလမ်းနှင့် အညီ စနစ်တကျ ရွေးချယ်ထားသော ကိုယ်စားလှယ် (၅) ဦး

၂။ မြို့နယ်ပါတီများမှ ရွေးချယ်ထားသော ကိုယ်စားလှယ် (၃) ဦး

၃။ တိုင်းဒေသကြီး (သို့) ပြည်နယ်ပါတီများမှ ရွေးချယ်ထားသော ကိုယ်စားလှယ် (၅) ဦး

## အခန်း (၇)

၉။ **နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ၊ ပါတီဗဟိုကော်မတီ၊ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပါတီ၏အဆင့်ဆင့်တာဝန်ရှိသူများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များနှင့် ဖွဲ့စည်းဆောင်ရွက်ပုံ**

**(၉း၁) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ**

(က) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံသည် ပါတီ၏ အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့ ဖြစ်စေရမည်။

(ခ) ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံအား လေးနှစ်လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ဂ) ပါတီ၏ အရေးပေါ်ညီလာခံအား ပါတီဗဟိုကော်မတီ သုံးပုံတစ်ပုံမှ တောင်းဆိုလျှင် (သို့မဟုတ်) ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးမှသဘောတူဆုံးဖြတ်လျှင် နိုင်ငံလုံးဆိုင်ရာ အရေးပေါ်ပါတီညီလာခံအား ကျင်းပရမည်။

**(၉း၂)ပါတီဗဟိုကော်မတီ**

(က) ပါတီဗဟိုကော်မတီသည် ညီလာခံတစ်ခုနှင့်တစ်ခုအကြားကာလများတွင် ပါတီ၏ အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့ဖြစ်ရမည်။

(ခ) ပါတီဗဟိုကော်မတီသည် ပါတီဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးချယ်ထားသော ပုဂ္ဂိုလ်များ ဖြစ်ကြရမည်။

(ဂ) ပါတီ၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပထမဦးဆုံးအကြိမ် ကျင်းပသည့် ပါတီညီလာခံမှ အစပြုလျက် ပါတီဗဟိုကော်မတီဝင်များထဲမှာ ပုဂ္ဂိုလ်များဖြင့်သာ ရွေးချယ်တင်မြောက်ကြရမည်။

(ဃ) ပါတီဗဟိုကော်မတီသည် ပါတီဖွဲ့စည်းပုံ အခြေခံဥပဒေစည်းမျဉ်းအရ ပါတီက ချမှတ်ထားသော လမ်းစဉ်များ၊ လုပ်ငန်းစဉ်များအား တာဝန်ခံ ပုံဖော်ဆောင်ရွက်ကြရမည်။

(င) ပါတီဗဟိုကော်မတီအစည်းအဝေးသည် အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ်ခေါ်ယူ ကျင်းပရမည်။

**(၉း၃)ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့**

(က) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံကြီးက ရွေးချယ်တင်မြှောက်ချင်းခံရသော ဗဟိုကော်မတီဝင်များက ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား မျက်နှာစုံညီ အစည်းအဝေးမှ ရွေးချယ်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီညီလာခံနှင့် ပါတီဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ချမှတ်ထားသော လုပ်ငန်းများအား ဦးစီး၍ အကောင်အထည်ဖော်ရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။

## (၉း၄) ဥက္ကဋ္ဌ

(က) ဥက္ကဋ္ဌသည် ပါတီ၏ အမြင့်ဆုံးနှင့် တာဝန်အရှိဆုံး ခေါင်းဆောင်ဖြစ်သည်။

(ခ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းများကို ဦးစီးပုံဖော် ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဂ) ပါတီ၏ စည်းမျဉ်းများ၊ နိုင်ငံရေးလုပ်ငန်းစဉ်များအား အောင်မြင်စွာ ပုံဖော်နိုင်ရေး အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ညှိနှိုင်း၍ ဦးဆောင်ရမည်။

(ဃ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် သဘာပတိ အဖြစ် ကွပ်ကဲတာဝန်ယူ ဆောင်ရွက်ရမည်။

## (၉း၅) ဒုဥက္ကဋ္ဌ - (၁)

(က) ဒုတိယဥက္ကဋ္ဌ(၁)သည် ပါတီ၏အမြင့်ဆုံးတာဝန်ရှိသူ ဒုတိယခေါင်းဆောင်ဖြစ်သည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် ဥက္ကဋ္ဌအနေဖြင့် ပါတီ၏ လုပ်ငန်းတာဝန်များအား ထမ်းဆောင်နိုင်သော အခြေအနေမရှိလျှင် ဒုတိယဥက္ကဋ္ဌ(၁)က တာဝန်ယူ ဆောင်ရွက်ရမည်။

## (၉း၆) ဒုဥက္ကဋ္ဌ - ၂

(က) ဒုတိယဥက္ကဋ္ဌ(၂)သည် ဒုတိယဥက္ကဋ္ဌ(၁)၏ တာဝန်များအား လိုအပ်လျှင် ထမ်းဆောင်ရမည်။

## (၉း၇) အထွေထွေအတွင်းရေးမှူး

(က) အထွေထွေအတွင်းရေးမှူးသည် ပါတီတစ်ရပ်လုံး၏ လုပ်ငန်းများ ပုံမှန်လည်ပတ်မှု ရှိစေရန်အတွက် အနီးကပ်ကြီးကြပ်ရေး တာဝန်ယူရမည်။

(ခ) အထွေထွေအတွင်းရေးမှူးသည် ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တို့ ချမှတ်သည့် လုပ်ငန်းစဉ်များ ဆုံးဖြတ်ချက်များအား လိုအပ်သလို ထုတ်ပြန်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ ပြုရမည်။

(ဂ) ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၏ ညွှန်ကြားချက်များကို အခြေပြု၍ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးများအား ခေါ်ယူကျင်းပရမည်။

## (၉း၈) တွဲဖက်အထွေထွေအတွင်းရေးမှူး

(က) အထွေထွေအတွင်းရေးမှူး၏ အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်း တာဝန်များအား တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် အထွေထွေအတွင်းရေးမှူးအနေဖြင့် ပါတီ၏ လုပ်ငန်းတာဝန်များ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် တွဲဖက်အထွေထွေအတွင်းရေးမှူးမှ တာဝန်ယူဆောင်ရွက်ရမည်။

## (၉း၉) ပါတီဗဟိုလုပ်ငန်းကော်မတီများ

(က) ပါတီဗဟိုလုပ်ငန်းကော်မတီများသည် ပါတီ၏ လုပ်ငန်းစဉ်များအား ချောမွေ့စွာ လည်ပတ်နိုင်စေရေးအတွက် လည်းကောင်း၊ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အနေဖြင့် ဆောင်ရွက်သော တစ်နိုင်ငံလုံး အတိုင်းအတာအရ စည်းရုံးရေးလုပ်ငန်း များတွင် လည်းကောင်းပါဝင်ဆောင်ရွက်ရမည်။

(ခ) ဗဟိုကော်မတီသည် လုပ်ငန်းလိုအပ်ချက်များအရ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲ ကာလများ၌ အောက်ပါလုပ်ငန်းကော်မတီများအတွက် သင့်လျော်သည့် ပုဂ္ဂိုလ်များအား ရွေးချယ် တာဝန်ပေး၍ ဦးဆောင်ကြီးကြပ်ကြရမည်။

၁။ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီ

၂။ သတင်းနှင့် ပြန်ကြားရေးကော်မတီ

၃။ စည်းရုံးလှုံ့ဆော်ရေးကော်မတီ

၄။ သုတေသနကော်မတီ

၅။ ဥပဒေရေးရာကော်မတီ

၆။ ပဏာမအဆင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရေးကော်မတီ

**(၉း၁၀) ဗဟိုအဆင့် ရေးရာကော်မတီများ**

ပါတီ၏ အနာဂတ်မျိုးဆက်သစ်ခေါင်းဆောင်များ ပြုစုပျိုးထောင်နိုင်ရေးအတွက် အောက်ပါ ဗဟိုအဆင့် ရေးရာကော်မတီများကို ဖွဲ့စည်းကြရမည်။

(က) ဗဟိုအဆင့် လူငယ်ရေးရာကော်မတီ

(ခ) ဗဟိုအဆင့် အမျိုးသမီးရေးရာကော်မတီ

(ဂ) ဗဟိုအဆင့် တောင်သူလယ်သမားရေးရာကော်မတီ

(ဃ) ဗဟိုအဆင့် အလုပ်သမားရေးရာကော်မတီ

## အခန်း (၈)

**၁၀။ ပါတီတွင်းအရေးယူခြင်း**

(က) ပါတီဝင်တိုင်းသည် ပါတီစည်းကမ်း၊ စည်းမျဉ်းဥပဒေများနှင့် နည်းဥပဒေများအား လိုက်နာကြရန် တာဝန်ရှိသည်။

(ခ) ကျူးလွန်ဖောက်ဖျက်ပါက သတိပေးခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်ဆိုင်းခြင်းများအား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဖြင့် ပြုလုပ်နိုင်စေရမည်။

(ဂ) ကျူးလွန်ဖောက်ဖျက်မှုအပေါ် အခြေပြုလျက် လိုအပ်လျှင် စုံစမ်းစစ်ဆေးမှု ခုံရုံးဖွဲ့စည်း၍ ဆောင်ရွက်ရမည်။

(ဃ) အရေးယူခံရသူသည် ပါတီဗဟိုကော်မတီသို့ အယူခံပိုင်ခွင့် ရှိစေရမည်။

**၁၁။ ပါတီဝင်အဖြစ်မှနှုတ်ထွက်ခြင်းနှင့် ဝင်းနှုတ်ထွက်မှုကို အသိအမှတ်ပြုလက်ခံခြင်း**

(က) ပါတီ၏စည်းကမ်း၊ စည်းမျဉ်းဥပဒေများအား ဖောက်ဖျက်ကျူးလွန်၍မဟုတ်ဘဲ ပါတီဝင်အဖြစ်မှ နှုတ်ထွက်လိုသူများသည် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံသို့ မိမိနှုတ်ထွက်လိုသည့် အကြောင်းအရာကို လွယ်ကူရှင်းလင်းစွာဖော်ပြ၍ စာဖြင့်ရေးသားတင်ပြနိုင်သည်။

(ခ) ပါတီဝင်အဖြစ်မှ နှုတ်ထွက်လိုသူတင်သွင်းသည့် အကြောင်းကြားလွှာကို ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့က လက်ခံမှတ်တမ်းတင်၍ နှုတ်ထွက်ခွင့်ပြုရမည်။

**၁၂။ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေပြင်ဆင်ခြင်း**

(က) ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေကို ပြင်ဆင်ဖြည့်စွက် ပြောင်းလဲအစားထိုးရန် လိုအပ်ပါက နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ၌ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ ) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံသို့ တက်ရောက်သည့်ကိုယ်စားလှယ် စုစုပေါင်း ၇၅ရာခိုင်နှုန်း၏ သဘောတူညီချက်ရရှိမှသာ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းဥပဒေကို ပြင်ဆင်ဖြည့်စွက် ပြောင်းလဲအစားထိုးခြင်းတို့ကို အတည်ပြုရမည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

**Central Executive Committe**

**Myanmar Farmers' Development Party**